
Kids of Destiny®
Reaching the Next Generation
www.kidsofdestiny.org

Kids of Destiny®
Reaching the Next Generation
www.kidsofdestiny.com

## ရုသအကြောင်း 3.12

### ရုသဝတ္ထု ၁-၄

တခါက နောမိဆိုတဲ့ အမျိုးသမီးတစ်ယောက်ရှိတယ်။ သူမ၊ သူ့ခင်ပွန်းနဲ့သားနှစ်ယောက်တို့ဟာ သူတို့နေထိုင်တဲ့ ဗက်လင်မြို့ကနေ အခြားနိုင်ငံဖြစ်တဲ့မောဘပြည်မှာပြောင်းရွှေ့ဖို့ ဆုံးဖြတ်ကြတယ်။ မောဘပြည်မှာ သူ့သားတွေအတွက် အိမ်ထောင်ပြုဖို့ မိန်းကလေး တွေကို တွေ့ကြတယ်။ သားတစ်ယောက်က ဩရပ၊ နောက်အခြားသားတစ်ယောက်က ရုသဆိုတဲ့ အမျိုးသမီးတွေနဲ့ အိမ်ထောင်ပြု ကြတယ်။

နောမိရဲ့ခင်ပွန်းဟာ သူ့သားတွေမင်္ဂလာမဆောင်ခင်မှာပဲ ကွယ်လွန်သွားခဲ့ပေမယ့် သူမဟာ သားနှစ်ယောက်၊ ချွေးမနှစ်ယောက်နဲ့အတူ အဖော်ပြုပြီးပျော်ရွှင်စွာနေခဲ့တယ်။ ဆယ်နှစ်ကြာတဲ့အခါ သူ့သားနှစ်ယောက်လည်း သေသွားကြတယ်။ အဲ့အချိန်မှာ နောမိဟာ အရမ်း ဝမ်းနည်းနေခဲ့တယ်။ ဗက်လင်မြို့ကို သူမပြန်သွားချင်တယ်။ သူ့သားတွေရဲ့ဇနီးတွေကိုလည်း သူတို့အိမ်အသီးသီး ပြန်သွားကြဖို့ ပြော တယ်။ ဒါပေမယ့် ရုသဟာ နောမိနဲ့အတူနေချင်တယ်။ "သင်သွားတဲ့နေရာကို ကျွန်မသွားမယ်၊ သင်နေထိုင်မယ့်နေရာမှာ ကျွန်မနေ မယ်၊ သင့်ရဲ့ဘုရားဟာ ကျွန်မရဲ့ဘုရားဖြစ်မယ်၊ သင်သေမယ့်နေရာမှာ ကျွန်မလည်းသေမယ်" လို့နောမိကို ရုသကပြောပါတယ်။ နောမိနဲ့ရုသတို့ဟာ ဗက်လင်မြို့ကို အတူပြန်သွားကြပါတယ်။

အဲဒီအချိန်ဟာ ဗက်လင်မှာ ကောက်ရိတ်သိမ်းတဲ့ကာလဖြစ်တယ်။ အခုခေတ်လိုပဲ စပါးဟာ အဲဒီကာလရဲ့အဓိကအစားအစာဖြစ် တယ်။ ဂျူးလူမျိုးတွေရဲ့ပညတ်တရားအရ လယ်ကွင်းတွေရဲ့ဒေါင့်နေရာတွေကို မရိတ်သိမ်းဘဲ ဆင်းရဲသားနဲ့စားစရာမရှိသူတွေ အတွက် ချန်ထားပေးဖို့ဆိုထားပါတယ်။ ရိတ်သိမ်းရင်း ကျကျန်ခဲ့တဲ့ကောက်လှိုင်းတွေကိုလည်း ပြန်မကောက်ဘဲ ဆင်းရဲသားတွေ အတွက် ချန်ထားပေးရပါတယ်။ အဲလိုနည်းလမ်းအားဖြင့် ဆင်းရဲသားတွေ အသက်ရှင်ရပ်တည်ရတာဖြစ်တယ်။ နောမိမှာ ဗောဇလို့ ခေါ်တဲ့ဆွေမျိုးတစ်ယောက်ရှိပြီး သူ့ဆီမှာ ကြီးမားတဲ့လယ်ကွင်းတွေရှိပါတယ်။ သူမကရုသကို အဲဒီလယ်ကွင်းတွေဆီသွားစေပြီး သူတို့ စားဖို့ကောက်လှိုင်းကျန်တွေကို ကောက်စေပါတယ်။

ရုသဟာ ဗောဇရဲ့လယ်ကွင်းတွေဆီသွားပြီး မရိတ်ဘဲကျန်ခဲ့တဲ့ကောက်လှိုင်းတွေကို စုသိမ်းကောက်ယူတယ်။ ဗောဇဟာ ရုသကို သဘောကျပြီးသူမကို ကာကွယ်ပေးပါတယ်။ သူ့လယ်က အကောင်းဆုံးကောက်လှိုင်းတွေကို သူမကိုရစေချင်လို့ ရိတ်တဲ့အခါ ချန်ထား စေပါတယ်။ သူမဟာ သူမအမျိုးရင်းမိသားစုဝင်တွေရှိတဲ့မောဘမှာမနေဘဲ နောမိနဲ့အတူဗက်လင်မှာလာနေတယ်ဆိုတာကို သူသိ တယ်။ "ဣသရေလအမျိုးရဲ့ဘုရားသခင်ဆီကနေ ပြည့်စုံတဲ့ကောင်းချီးရပါစေ" လို့ သူမကို သူပြောတယ်။

ရုသဟာဗောဇနဲ့တွေ့ပြီး သူ့ရဲ့လယ်ကွင်းကနေ စပါးတွေရတယ်ဆိုတာသိတဲ့အခါ နောမိအရမ်းဝမ်းသာတယ်။ ရုသနဲ့ဗောဇတို့ဟာ လက်ထပ်သင့်တယ်လို့ နောမိစဉ်းစားမိတယ်။

ဗောဇလည်း ရုသကို လက်ထပ်ချင်ပေမယ့်၊ ဂျူးလူမျိုးတွေထုံးစံအရ သူ့ထက်ပိုပြီးဆွေမျိုးနီးစပ်သူက ရုသကိုလက်ထပ်လိုတယ်ဆိုရင် သူ့ကိုဦးစားပေးရမှာဖြစ်တယ်။ ဒါကြောင့် ဗောဇဟာ ဆွေမျိုးပိုနီးသူကို ရုသကိုလက်ထပ်မလားလို့ မေးပါတယ်။ အဲဒီလူက သူ့မှာ ဇနီးရှိပြီးသားဖြစ်ကြောင်းပြောတဲ့အခါ ဗောဇဝမ်းသာသွားပါတယ်။ သူဟာ ရုသကို လက်ထပ်ခွင့်ရှိသူဖြစ်လာပါတယ်။

ဗောဇနဲ့ရုသဟာ လက်ထပ်လိုက်ပါတယ်။ နောမိနဲ့အတူအားလုံးပျော်ကြတယ်။ မကြာခင် ရုသ ကလေးရပါတယ်။ သူမကို ဩဗက် လို့ နာမည်ပေးပါတယ်။ နှစ်တွေကြာပြီးနောက် ဩဗက်ဟာ ယေရှဲရဲ့ဖခင်ဖြစ်လာပါတယ်။ နှစ်တွေထပ်ကြာပြီးနောက်မှာတော့ ယေရှဲဟာ ဒါဝိဒ်ရဲ့ဖခင်ဖြစ်လာပါတယ်။ ဒါဝိဒ်ဟာ ဘုရားသခင်ကိုအရမ်းချစ်တဲ့သူဖြစ်တယ်။ ဒါဝိဒ်အကြောင်းကို နောက်မှပိုပြီးလေ့လာရအောင်။

Kids of Destiny®
Reaching the Next Generation
www.kidsofdestiny.com

## ရုသအကြောင်း - ဆရာလမ်းညွှန် 3.12

### ရုသဝတ္ထု ၁-၄ အဓိကအချက်များ

၁) နောမိ၊ သူ့ခင်ပွန်းနဲ့သားတွေဟာ ဗက်လင်မြို့ကနေ မောဘပြည်ကို ပြောင်းရွှေ့နေထိုင်ကြပါတယ်။ သူတို့သားတွေဟာ မောဘပြည် သူတွေနဲ့အိမ်ထောင်ပြုကြတယ်။

၂) နောမိရဲ့ခင်ပွန်းဟာ သေဆုံးသွားခဲ့တယ်။ နောက်ဆယ်နှစ်ကြာတဲ့အခါ သူ့သားတွေလည်း သေသွားတယ်။ သူ့သားတွေရဲ့ဇနီးတွေပဲ သူနဲ့ကျန်ခဲ့တယ်။ သူမဟာ ဗက်လင်မြို့ကိုပြန်တော့မှာဖြစ်လို့ သူတို့လည်း ကိုယ့်မိသားစုအသီးသီးဆီ ပြန်သွားကြဖို့ သူတို့ကိုပြော တယ်။

၃) ရုသဟာ နောမိနဲ့အတူနေချင်တယ်။ သူမဟာ နောမိသွားတဲ့နေရာကိုသွားမယ်၊ နောမိသေတဲ့နေရာမှာသေမယ်လို့ နောမိကို ပြောတယ်။ "သင့်ဘုရားဟာ ကျွန်မရဲ့ဘုရားဖြစ်တယ်" လို့ ရုသကပြောတယ်။

၄) ရုသနဲ့နောမိတို့ဟာ ဗက်လင်ကို ပြန်လာကြတယ်။ ရုသဟာ နောမိရဲ့ဆွေမျိုးတော်တဲ့ဗောဇရဲ့လယ်ကွက်ထဲက ကောက်လှိုင်းကျန် တွေကို ကောက်ပါတယ်။

၅) ဗောဇဟာ ရုသကို လက်ထပ်ဖို့ဆုံးဖြတ်တယ်။ အားလုံးပျော်ကြတယ်။ ရုသနဲ့ဗောဇဟာ ကလေးရပြီး ဩဗက်လို့ နာမည်ပေးတယ်။ ဩဗက်လည်း သားရပြီးသူ့ကို ယေရှဲလို့နာမည်ပေးတယ်။ ယေရှဲလည်းသားရလာပြီး သူ့ကိုဒါဝိဒ်လို့ နာမည်ပေးတယ်။ ဒါဝိဒ်ဟာ ဘုရားသခင်ကို အရမ်းချစ်တဲ့သူဖြစ်လာတယ်။

### မေးခွန်းများ

၁) နောမိဟာ ဘယ်နယ်ကလဲ?

၂) နောမိရဲ့သားတွေဟာ သူတို့ဇနီးတွေကို ဘယ်နေရာမှာတွေ့ကြတာလဲ?

၃) နောမိရဲ့သားတွေသေဆုံးသွားကြတဲ့အခါ၊ သူတို့ဇနီးတွေကို သူမက ဘာပြောခဲ့လဲ?

၄) ရုသက ဘာလုပ်ဖို့ဆုံးဖြတ်လဲ?

၅) ရုသဟာ သူ့ခင်ပွန်းဖြစ်လာမယ့် ဗောဇကို ဘယ်လိုတွေ့ခဲ့တာလဲ?

၆) ဒါဝိဒ်ဟာ ရုသနဲ့ဗောဇတို့နဲ့ ဘယ်လိုပတ်သက်နေလဲ?

### အဖြေများ

၁) နောမိဟာ ဗက်လင်မြို့က ဖြစ်ပါတယ်။

၂) နောမိရဲ့သားတွေဟာ သူတို့တွေရဲ့ဇနီးတွေကို မောဘပြည်မှာ တွေ့ကြတာဖြစ်ပါတယ်။

၃) သူ့သားတွေသေဆုံးသွားကြပြီးနောက်မှာ၊ သူတို့ဇနီးတွေကို သူတို့မိသားစုတွေဆီပြန်ကြဖို့ နောမိကပြောပါတယ်။

၄) ရုသဟာ နောမိနဲ့အတူနေဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ သူတို့နှစ်ယောက်အတူ ဗက်လင်မြို့ကို ပြန်သွားကြပါတယ်။

၅) ရုသဟာ ဗောဇပိုင်တဲ့လယ်ကွက်ထဲမှာ ကောက်လှိုင်းကျန်ကောက်ရင်း သူနဲ့တွေ့ခဲ့တာဖြစ်ပါတယ်။

၆) ရုသနဲ့ဗောဇဟာ ဩဗက်ရဲ့မိဘများဖြစ်ပြီး၊ ဩဗက်ဟာ ယေရှဲရဲ့ဖခင်ဖြစ်ကာ၊ ယေရှဲဟာ ဒါဝိဒ်ရဲ့ဖခင်ဖြစ်ပါတယ်။



Kids of Destiny®
Reaching the Next Generation

www.kidsofdestiny.org